FORTIFY RIGHTS

သတင်းထုတ်ပြန်ချက်

# မလေးရှားနိုင်ငံအနေဖြင့် မြန်မာစစ်ကောင်စီထံ လေယာဉ်ဆီ တင်သွင်းမှု ဒေသတွင်းပိတ်ဆို့အရေးယူရန်

## စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျောင်းတစ်ကျောင်းအား စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် ၂၂ ဦးနှင့် ဆရာ၊ ဆရာမ နှစ်ဦး သေဆုံး

(ဘန်ကောက်မြို့၊ ၂၀၂၅ ခုနှစ် မေလ ၁၄ ရက်)—လူထုထပ်သော ကျောင်းအဆောက်အအုံတစ်ခုအား စစ်ကောင်စီ၏ နောက်ဆုံးပြုလုပ်ခဲ့သည့် သေစေနိုင်သော လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး လက်ရှိ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ ဥက္ကဋ္ဌ ဖြစ်သော မလေးရှားနိုင်ငံသည် ဒေသတွင်းအဖွဲ့အစည်းအတွင်း မြန်မာစစ်ကောင်စီသို့ လေယာဉ်ဆီရောင်းချခြင်းနှင့် လွှဲပြောင်းခြင်းတို့ ကို တားမြစ်ရန် အရေးပေါ်အစီအမံများ စတင်ဆောင်ရွက်သင့်ကြောင်း Fortify Rights မှ ယနေ့ ပြောကြားခဲ့သည်။ မေလ၊ ၁၂ ရက်နေ့၊ နံနက် ၉ နာရီ ၃၅ မိနစ်ခန့်တွင် မြန်မာစစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်တစ်စင်းသည် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ အိုးတိန်တွင်းကျေးရွာရှိ စာသင်ကျောင်းတစ်ကျောင်းအား အနည်းဆုံး ဗုံးနှစ်လုံး ကြဲချခဲ့ရာ အသက် ၇ နှစ်မှ ၁၆ နှစ်ကြား ကလေးငယ် အနည်းဆုံး ၂၂ ဦးနှင့်ဆရာမ နှစ်ဦး သေဆုံးခဲ့သည်။ ထို့အပြင်လူ ၁၀၀ ကျော်လည်း ထိုတိုက်ခိုက်မှုတွင် ဒဏ်ရာရရှိခဲ့သည်ဟု သတင်းရရှိသည်။

“အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်နေပါတယ်လို့ တစ်ကမ္ဘာလုံးကိုပြောနေချိန်မှာပဲ မြန်မာစစ်ကောင်စီက စာသင်ရွယ် ကလေးသူငယ်တွေကို သူတို့ရဲ့ စာသင်ခန်းတွေထဲမှာ ဗုံးကြဲချနေတာက ရည်ရွက်ချက်ရှိတဲ့ အကြမ်းဖက်မှုကို ကျူးလွန်နေတာပဲဖြစ်တယ်” ဟု Fortify Rights ရဲ့ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးတာဝန်ခံ ကိုစိုင်းအာကာကပြောပါတယ်။ “အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို မမြင်ချင်ယောင်ဆောင် လစ်လျူရှုတဲ့ လက်ရှိချဉ်းကပ်မှုတွေကို စွန့်လွှတ်သင့်ပြီး ဒီလိုစစ်ရာဇဝတ်မှုတွေကို အဆုံးသတ်ဖို့ လက်တွေ့ကျကျ အကောင်ထည်ဖော် အရေးယူသင့်ပါတယ်။”

Fortify Rights မှ စာသင်ကျောင်းအား လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မျက်မြင်သက်သေ သုံးဦးနှင့် ဆက်သွယ်စကားပြောဆိုခဲ့ပါသည်။ Fortify Rights မှ လေကြောင်းတိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို မှတ်တမ်းတင်ထားသည့် ဓါတ်ပုံများကိုလည်း ရရှိကာ စိစစ်ခဲ့ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင် တာဝန်ထမ်းဆောင်နေသည့် ဒီပဲယင်းမြို့နယ် လူ့အခွင့်အရေး တာဝန်ခံဖြစ်သူနှင့် စာသင်ကျောင်းတွင် ရှေးဦးကယ်ဆယ်ရေးလုပ်ခဲ့သူများထဲမှ တစ်ဦးဖြစ်သူ အသက် ၃၀ အရွယ် "မေပန်" သည် သူမမြင်တွေ့ခဲ့သည်ကို Fortify Rights အား ယခုလိုရှင်းပြခဲ့သည်။

> စာသင်ကျောင်းထဲရောက်တဲ့အချိန်မှာ ကျောင်းကတစ်ထပ်ဆောင် အခန်း ၅ ခန်းမှာ ၃ ခန်း လောက်က သွပ်တွေရော မျက်နှာကျက်တွေပါမကျန် ပွင့်ထွက်သွားတယ် နောက် ၂ ခန်း ကတော့ နည်းနည်းကျန်နေသေးတယ်။ ကျောင်းအလံတိုင်ရှေ့တည့်တည့်မှာတော့ ကျောင်းသူ ကျောင်းသားလေးတွေရဲ့ စာအုပ်တွေ ဖိနပ်လေးတွေနဲ့ လွယ်အိတ်ကလေးတွေ တွေ့တယ်။ အခန်းရဲ့ အောက်မျက်နှာပြင်မှာလဲ သွေးကွက်တွေနဲ့ ကျွန်မရင်ထဲမှာ ဆို့နင့်နေတာပါပဲ။ နောက်တစ်ခန်းထပ်ပြီး ဝင်ပြန်တော့လဲ ဒီပုံစံအတိုင်းပါပဲ နံရံမှာ သွေးတွေစွန်းလို့၊ ဒါနဲ့ ကျွန်မတို့ ကျောင်းခန်းတွေထဲ တစ်ခန်းဝင် တစ်ခန်းထွက်ရင်း ကျောင်းဆောင်ရှေ့ မျက်စောင်းထိုး လောက်လေးမှာ ဝါးထရံဆောင်လေး တစ်ဆောင်ရှိ သေးတယ်၊ အဲ့မှာလဲ သွေးအိုင်ကြီးထပ်တွေ့ ရော အဆောင် ဘေးနားက ကျောင်းခြံစည်းရိုးနားဆီက ဆံပင်မွှေးတွေပါတဲ့ ဦးရေပြားအခွံထပ် တွေ့တယ်။

ထိုနေ့နှောင်းပိုင်းတွင် "မေပန်" သည် လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့ကြရသည့် ကလေးငယ်များ ၏ မိဘများအား တွေ့ဆုံစကားပြောရန် သွားရောက်ခဲ့သည်။

> တစ်ချို့မိဘတွေက ကလေးတစ်ယောက်တည်းဆုံးရှုံးလိုက်ရတာမဟုတ်ဘူး။ ကျွန်မတို့ သုသာန် ရောက်တော့ မိန်းကလေး ၂ ယောက်အတွဲလေးလိုက်တွေ့တော့ ဘေးနား မှာသူ့အမေက ငိုနေတယ်။ မနက်ခင်းတုန်းကအကောင်းတိုင်းကျောင်းကိုသွားကြတာ ခဏနေတော့ သမီး နှစ်ယောက်လုံးဆုံးရှုံးလိုက်ရတယ် တစ်ယောက်က ခေါင်းမပါ ဆိုတော့ မိခင်တစ်ယောက် ရဲ့ပူဆွေးမှုတွေက ဘယ်လောက်ထိခံစားရရှာမလဲ။ ဒါနဲ့ ဘေးနားက တစ်ယောက်ကို ကြည့်ပြန်တော့လဲ ကျောင်းသားလေးတစ်ယောက် သူ့မှာလဲ ခေါင်းက ပါမလာပြန်ဘူး။ ဘေးက တစ်ယောက်ကတော့ Grade 7 ကျောင်းသူလေး၊ သူက စစ်ရှောင်ရင်း ရွာမှာ ကျောင်းလိုက်တာတဲ့ သူ့အမေက ပြောရှာတယ်။

မျက်မြင်သက်သေဖြစ်သူနှင့် ရှေးဦးကယ်ဆယ်ရေးလုပ်ငန်းစဥ်တွင် ပါဝင်ခဲ့သူ ကျောင်းဆရာဖြစ်သူ အသက် ၃၇ နှစ်အရွယ် "ဆရာမောင်မောင်" မှ "ဂျက်လေယာဥ်တွေ အဝေးကိုပျံသွားတာမြင်လိုက်တယ်။

ပေါက်ကွဲတဲ့အသံကိုလဲ ကြားလိုက်တယ်။ ထိခိုက်ဒဏ်ရာရတဲ့ ကလေးငယ်တွေနဲ့ အလောင်းတွေကို ကျွန်တော်တို့ဆွဲထုတ်ခဲ့ရတယ်။ ဒီညနေမှာပဲ သေဆုံးတဲ့သူတွေထဲက ၂၂ ယောက်ရဲ့ အသုဘချပေးခဲ့တယ်" ဟုပြောသည်။

မေလ ၁၄ ရက်နေ့အထိ ရရှိထားသောသတင်းများအရ Grade 2 ကျောင်းသားတစ်ဦးနှင့် Grade 3 ကျောင်းသူတစ်ဦးသည် တိုက်ခိုက်မှုကြောင့်ရရှိခဲ့သော ဒဏ်ရာများဖြင့် ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူဦးရေ ၂၄ ဦးအထိ မြင့်တက်လာခဲ့ပြီး တခြားသူများမှ ဆေးဝါးကုသမှုအကန့်အသတ်များဖြင့် အရေးပေါ်အခြေအနေကြုံတွေ့နေကြရပါသည်။ သတင်းမီဒီယာများနှင့် မျက်မြင်သက်သေများ၏ အဆိုအရ သေဆုံးသူများတွင် Grade 2 မှ Grade 11 အထိ ကျောင်းသူကျောင်းသားများနှင့် ဆရာမ နှစ်ဦးပါဝင်သည်။ ထို့အပြင်လူ ၁၀၀ ကျော်လည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

မျက်မြင်သက်သေများအားလုံးသည် လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် ကျောင်းပတ်ဝန်းကျင်၌ တိုက်ပွဲများဖြစ်ပွားမှုရှိမနေကြောင်းနှင့် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၊ စစ်ဘက်ဆိုင်ရာစခန်းချထားမှုများလည်း ရွာအနီးနားတွင် ရှိမနေကြောင်း Fortify Rights သို့ အတည်ပြုပြောကြားခဲ့သည်။

မေလ ၁၂ ရက်နေ့ ညနေပိုင်းတွင် မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်ရှိ စစ်တပ်ပိုင် ရုပ်မြင်သံကြားဌာန MRTV မှ ထုတ်လွှင့်သောသတင်းအစီအစဉ်၌ တာဝန်ရှိသူများသည် ဒီပဲယင်းမြို့နယ်ရှိ ကျောင်းဗုံးကြဲတိုက်ခိုက်မှုသတင်းများကို "သတင်းမှား" အဖြစ် ငြင်းဆိုခဲ့သည်။ သို့သော်လည်း Fortify Rights မှ ရရှိထားသော ကိုက်ညီသည့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များနှင့် အတည်ပြုပြီးသော ဓာတ်ပုံအထောက်အထားများသည် ယင်းငြင်းဆိုမှုကို တိုက်ရိုက်ဆန့်ကျင်လျက်ရှိသည်။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပညာရေးဝန်ကြီးဌာနသည် ယင်းနေ့တွင်ပင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းအား "စစ်ကောင်စီအပေါ် ထိရောက်သော ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်နှင့် ကလေးများသည် ကြောက်ရွံ့မှုမရှိဘဲ လေ့လာသင်ယူနိုင်သော လုံခြုံသည့် ပညာရေးဆိုင်ရာပတ်ဝန်းကျင်များ ဖန်တီးမှုကို အားပေးကူညီရန်" တိုက်တွန်းခဲ့သည်။

Fortify Rights မှ မှတ်တမ်းတင်မှုအရ ဧပြီလ ၂၃ ရက်နေ့တွင် ဒီပဲယင်းမြို့နယ်ရှိ အခြားကျေးရွာတစ်ခုကို စစ်ကောင်စီက သီးခြားလေကြောင်းဖြင့် တိုက်ခိုက်ခဲ့ရာ အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် လူ ၅ ဦး သေဆုံးခဲ့သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (စစ်ဥပဒေဟုလည်း လူသိများ) သည် မြန်မာနိုင်ငံရှိ နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခအဖြစ် သတ်မှတ်နိုင်သည့် အခြေအနေတွင် အကျုံးဝင်ပါသည်။ ဂျီနီဗာကွန်ဗင်းရှင်းအရ၊ အထူးသဖြင့် ဘုံပြဋ္ဌာန်းချက် ဥပဒေအပိုဒ် ၃ အရ၊ ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့အစည်းများအားလုံးသည် အရပ်သားများကို လူသားချင်းစာနာစွာ ဆက်ဆံရမှာဖြစ်ပြီး စစ်မက်ဖြစ်ပွားနေချိန်အတွင်း စစ်ရေးပစ်မှတ်များနှင့် အရပ်သားများ ကို ကွဲပြားစွာသိမြင်ရမည်ဖြစ်ပြီး၊ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေအိမ်၊ စာသင်ကျောင်းကဲ့သို့သော အရပ်သားဆိုင်ရာ အရာဝတ္ထုများကိုလည်း ကွဲပြားစွာ သိမြင်နိုင်ရမည်ဖြစ်သည်။ အရပ်သားများကို တိုက်ရိုက်တိုက်ခိုက်ခြင်း၊ စစ်ရေးပစ်မှတ်များနှင့် အရပ်သားပစ္စည်းများအကြား ခွဲခြားမှုမရှိသော မတိကျသည့်တိုက်ခိုက်မှုခြင်းများကို နိုင်ငံတကာဥပဒေတွင် အတိအလင်း တားမြစ်ထားပါသည်။

စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းကို မြန်မာစစ်ကောင်စီ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေး ၂၂ ဦးနှင့် ဆရာမ နှစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်စဥ်သည် စစ်ရေးဆိုင်ရာ တရားဝင် တိုက်ခိုက်နိုင်သော အခြေအနေတစ်စုံတစ်ရာမျှ မရှိသောကြောင့် စစ်ရာဇဝတ်မှုမြောက် နိုင်ကြောင်း Fortify Rights မှ ပြောကြားခဲ့သည်။ အရပ်သားများ ခိုလှုံနေသော ဘုန်းတော်ကြီး ကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုး ကျောင်းများနှင့် ဗလီများအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက် အအုံများနှင့် ကျောင်းများအပေါ် အလားတူ တိုက်ခိုက်မှုများသည် စစ်ကောင်စီ၏ မိမိကိုယ်တိုင် ကြေညာထားသော အပစ်အခတ်ရပ်စဲရေး ကာလအတွင်း ဖြစ်ပွားခဲ့ပြီး ယင်းကာလအတွင်း အရပ်သား များအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှုများ မြင့်တက်လာကြောင်း ပြသနေသည်။

အမေရိကန်ပြည်ထောင်စုအပါအဝင် အစိုးရများက မြန်မာစစ်ကောင်စီသို့ လေယာဉ်ဆီရောင်းချမှုနှင့် လွှဲပြောင်းမှုတို့ကို ပစ်မှတ်ထားသော ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ထားသော်လည်း စစ်အာဏာသိမ်း အဖွဲ့သည် နိုင်ငံတကာဈေးကွက်တွင် လေယာဉ်ဆီများကို ဆက်လက်ဝယ်ယူလျက်ရှိပြီး ယင်းတို့ကို အသုံးပြု၍ အရပ်သားများကို သေစေနိုင်သော တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိသည်။

ယခုလနှောင်းပိုင်းတွင် နှစ်ပတ်လည် ထိပ်သီးအစည်းအဝေး ကျင်းပရန် အာဆီယံခေါင်းဆောင်များ ပြင်ဆင်နေချိန်၌ ဒေသတွင်းအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံရှိ အရပ်သားပြည်သူများကို ကာကွယ်ရန် အရေးပေါ်အစီအမံများ အဆိုပြုသင့်သည်။ ယင်းအရေးပေါ်အစီအမံများတွင် မြန်မာစစ်ကောင်စီအား လေယာဉ်ဆီ၊ လက်နက်များနှင့် နိုင်ငံရေး ဆိုင်ရာ အထောက်အပံ့ အသိအမှတ်ပြုမှုတို့ ရရှိခြင်းမှ တားဆီးရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သင့်သည်။

"အာဆီယံဟာ မြန်မာနိုင်ငံအရေးအခင်းအတွက် အာဆီယံဦးဆောင်တဲ့ ဖြေရှင်းရေးနည်းလမ်းကို ရှာဖွေဖို့ စိတ်အားထက်သန်ပေမယ့်လည်း၊ စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကိုတော့ အမြဲတစေ မျက်ကွယ်ပြုထားခဲ့ပါတယ်" ဟု ကိုစိုင်းအာကာက ပြောကြားခဲ့သည်။ "မြန်မာစစ်ကောင်စီက ကိုယ့်ပြည်သူတွေကို ကိုယ်ပြန်သတ်ဖြတ်နေချိန်မှာ အာဆီယံက အရေးယူဖို့ ပျက်ကွက်နေတာက 'အာရှနိုင်ငံတွေရဲ့ ထုံးစံ' ဆိုတဲ့အကြောင်းအရာနဲ့ တစ်စုံတစ်ရာ မသက်ဆိုင်ပါဘူး။ ပြင်းထန်တဲ့ စာအရေးအသား မှတ်ချက်တွေပါတဲ့ ထုတ်ပြန်ချက်တွေကလဲ စစ်ကောင်စီကို ဘယ်တော့မှ ရပ်တန့်စေနိုင်မှာ မဟုတ်ပါဘူး။ အာဆီယံက ခုချက်ချင်းကို အရေးယူဆောင်ရွက်ရမှာဖြစ်တယ်။"

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**စိုင်းအာကာ**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ (Human Rights Associate)
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+17 169 195 899 (Signal)
**အီးမေးလ်** - Sai.Arkar@FortifyRights.org
**တွစ်တာ/X** - @Sai_Rights, @FortifyRights

**မချစ်ဆိုင်း**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ (Human Rights Associate)
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+66 65 518 7335 (WhatsApp; Signal)
**အီးမေးလ်** - Chit.Seng@FortifyRights.org
**တွစ်တာ/X** - @SengChit, @FortifyRights